## မာတိကာ


– သုံးပွင့်ညီညာစာပေ၏အမှာ ၇
– ဘာသာပြန်သူ၏အတ္ထုပ္ပတ္တိအကျဉ်း ၁၁
– ဘာသာပြန်သူ၏အမှာ ၁၃
၁။ စကြဝဠာကြီးထဲက 'လူသား' ရဲ့နေရာ ၁၅
၂။ စောစောပိုင်းကာလ ဂရိတွေးခေါ်ရှင်တွေ အလိုအရ 'လူသား' ရဲ့အရေးပါမှု ၁၉
၃။ ဆော့ခရက္တိ၊ ပလေတိုနဲ့ အရစ္စတိုတယ်တို့ရဲ့ အနေအထား ၂၅
၄။ နောက်ပိုင်းကာလ ဂရိတွေးခေါ်ရှင်တွေရဲ့အမြင် ၃၂
၅။ စောစောပိုင်းခရစ်ယာန်တွေးခေါ်ရှင်တွေ အလိုအရ 'လူသား' ရဲ့အရေးပါမှု ၃၄
၆။ အလယ်ခေတ် ခရစ်ယာန်တွေးခေါ်ရှင်တွေရဲ့အမြင် ၄၀
၇။ ခေတ်ဆန်းချိန် (ရီနေးဆန့်) ကာလ ရှေ့ပြေးတွေးခေါ်ရှင်များရဲ့မြင်ပုံ ၄၉
၈။ ဘေကွန်နဲ့ ဟော့ဘစ်တို့ရဲ့ အနေအထားများ ၅၃
၉။ ဒေးကားနဲ့ စပင်နိုဇာတို့ရဲ့ အမြင်များ ၅၇
၁၀။ လော့ခ်၊ ဘာကလေနဲ့ ဟျူးမ်တို့မြင်တွေ့ခဲ့တဲ့ 'လူသား' ရဲ့နေရာ ၆၀
၁၁။ လိုက်ဗနိစ်ရဲ့ အမြင်များ ၆၆
၁၂။ ရူးဆိုးရဲ့ အနေအထား ၇၀
၁၃။ 'လူသား' ရဲ့ အရေးပါမှုနဲ့ပတ်သက်တဲ့ ကန့်ရဲ့အမြင် ၇၂
၁၄။ ဖစ်ရှတေ၊ ရှယ်လင်း၊ ရှယ်လီယာမာချာနဲ့ ဟေဂယ်လ် ၇၇
၁၅။ နောက်ပိုင်းဂျာမန်တွေးခေါ်ရှင်များရဲ့ အမြင်များ ၈၇
၁၆။ ကွန့်ထ်အလိုအရ 'လူသား' ရဲ့နေရာ ၉၅
၁၇။ မီးလ်နဲ့ စပင်ဆာတို့ရဲ့ ရပ်တည်ချက်များ ၉၈
၁၈။ ဂျိမ်းစ်၊ ဂျူဝီနဲ့ ရပ်စ်ဆယ်လ်တို့ရဲ့အမြင်များ ၁၀၄
၁၉။ ဟိုက်ဒေဂါ၊ ယာစပါးစ်နဲ့ ဆာ့ထ်တို့ရဲ့အမြင်များ ၁၀၉

နောက်ဆက်တွဲ
... တွေးခေါ်ရှင်များ အတ္ထုပ္ပတ္တိအကျဉ်း ၁၁၇


## ဘာသာပြန်သူရဲ့အမှာ

ဒီ 'လူနှင့်စကြဝဠာကြီးထဲကနေရာ' စာအုပ်ထဲမှာပါတဲ့ အတွေးအခေါ်တွေဟာ အမေရိကန် ပါမောက္ခ 'အက်စ်၊ အီး၊ ဖရော့စ်ထ် (S.E Frost, Jr, Ph.D.) ရေးသားထားတဲ့ 'မဟာဒဿနတွေးခေါ်ရှင်များရဲ့ အခြေခံသင်ကြားချက်များ' (Basic Teachings of the Great Philosophers) ဆိုတဲ့စာအုပ်ထဲက 'စကြဝဠာကြီးထဲက လူသားရဲ့နေရာ' (Man's Place in the Universe) အခန်းကို ဘာသာပြန်ထားတာ ဖြစ်ပါတယ်။

'လူသား' ဟာ ဒီကမ္ဘာမြေကြီးပေါ်မှာ ခြေစုံရပ်ပြီး မိုးကောင်းကင်ကြီးထဲက နေ၊ လ၊ ကြယ်တာရာတွေကို လှမ်းမျှော်ကြည့်တဲ့အခါ သူဟာ သူနဲ့အဲဒါတွေ စုပေါင်းထားတဲ့ 'စကြဝဠာကြီး' ဟာ ဘယ်လိုဆက်စပ်နေသလဲ၊ သူဟာ ဒီစကြဝဠာကြီးထဲမှာ ဘယ်လို 'နေရာ' ရနေသလဲဆိုတာ သတိထားမိကောင်းမှ သတိထားမိပါလိမ့်မယ်။

'လူသား' ဟာ စကြဝဠာကြီးထဲမှာ ဘယ်လို 'နေရာ' ရနေသလဲဆိုတာကို သတိထားမိပြီး စူးစမ်းလေ့လာနေတဲ့ 'တွေးခေါ်ရှင်တွေ' (Philosophers) ဟာ သူတို့မြင်တဲ့ရှုထောင့်ကနေ ထုတ်ဖော်ပြောကြားခဲ့ကြပါတယ်။ အဲဒီ ပြောကြားချက်တွေနဲ့ပတ်သက်လို့ 'အနောက်တိုင်းအတွေး





အခေါ်သမိုင်း' မှာ အထင်အရှား တွေ့မြင်ကြရပါတယ်။

'အနောက်တိုင်း အတွေးအခေါ်သမိုင်း' တစ်လျှောက်လုံးမှာ 'တွေးခေါ်ရှင်တွေ' ပြောကြားခဲ့တဲ့ လူသားရဲ့ 'နေရာ' နဲ့ပတ်သက်လို့ မတူခြားနားတဲ့အမြင်တွေ ဖြစ်ပေါ်နေပေမယ့် 'တွေးခေါ်ရှင်တွေ' ဟာ လူသားရဲ့ 'နေရာ' ဆိုတာနဲ့ပတ်သက်လို့ လက်ခံစဉ်းစားခဲ့ တွေးခေါ်ခဲ့ကြတယ်လို့ ကောက်ချက်ချနိုင်တာကို တွေ့ရပါတယ်။

ဒီနေရာမှာ လူသားရဲ့ 'နေရာ' နဲ့ပတ်သက်လို့ စဉ်းစားစရာတွေ ရှိနေပါတယ်။ ဒီစကြဝဠာကြီးထဲမှာ 'လူသား' အတွက် 'နေရာ' ဆိုတာ တကယ်အရေးပါသလား။ မပါဘူးလား။ 'လူသား' အတွက် 'နေရာ' ဆိုတာ တန်ရာတန်ရာရတတ်တာမို့ ဒါကိုပဲ 'လူမှန်နေရာမှန်' လို့ ပြောတတ်ကြပါတယ်။ တကယ်လို့ 'လူသား' ဟာ သူ့အတွက် တန်ရာတန်ရာ 'နေရာ' မရခဲ့ရင် ဒီစကြဝဠာကြီးက အပျက်ဖက်ကို ဦးတည်သွားနိုင်သလား။

ဒီစကြဝဠာကြီးထဲမှာ 'လူသား' တိုင်းဟာ သဘာဝတရားက သတ်မှတ်ပြဋ္ဌာန်းထားတဲ့ 'နေရာ' ကိုယ်စီ ရှိနေကြပါတယ်။ 'လူသား' တိုင်းဟာ အဲဒီ 'နေရာ' ကို တွေ့အောင်ရှာဖွေသင့်ပြီး အဲဒီ 'နေရာ' ထဲမှာ မိမိကိုယ်မိမိ အံဝင်ဂွင်ကျဖြစ်အောင် နေရာချထားသင့်ပါတယ်။

'လူသား' အတွက် 'နေရာ' တစ်နေရာကိုယ်စီ ရှိနေမှသာ ဒီကမ္ဘာလောကကြီးရဲ့ အကန့်အသတ်တွေကို ကျော်လွှားလွန်မြောက်နိုင်ပြီး 'မိမိရဲ့ ကိုယ်ပိုင်ထင်ရှားတဲ့ အမှတ်အသားလက္ခဏာ' (Self - dientity) ကို အခိုင်အမာ ဖော်ထုတ်ပြသလာနိုင်မှာ ဖြစ်ပါတယ်။

မောင်မောင်ဖေယျ